အမြန်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု(စာချွန်)အမှတ်- ၃

ဦးဒေါင်လွမ်း — နှင့် — ဒုဗိုလ်မှူးကြီးဇော်မျိုးထွဋ် (သို့မဟုတ်) တာဝန်ခံအရာရှိ၊ လွယ်လုံတောင် မို့ဘွမ်စခန်း၊ (ခမရ- ၃၂၁) တပ်ရင်း၊ လွယ်ဂျယ်မြို့နယ်။

လျှောက်ထားသူ — လျှောက်ထားခံရသူ

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ- ၁၆(က)(၁) အရ ရှေ့တော်သွင်းစာချွန်တော်အမိန့်ရလိုကြောင်း လျှောက်ထားခြင်း

လျှောက်ထားသူအတွက် - ဦးအောင်မြင့်ဆွေ၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးအောင်သန်းမြင့်၊ ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး။

# အမိန့်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်

မိုးမောက်မြို့နယ်၊ ခိုင်ဘန်ကျေးရွာနေဦးဒေါင်လွမ်းက ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဆွမ်လွတ်ရွယ်ဂျာအား ၂၈-၁၀-၂၀၁၁ ရက်နေ့ ၁၂:၃၀ နာရီအချိန် ပြောင်းခင်း၌ပြောင်းဖူးခြွေနေစဉ် ဒုဗိုလ်မှူးကြီးဇော်မျိုးထွဋ်ကွပ်ကဲသော ခမရ-၃၂၁ တပ်ရင်း၏ လွယ်လုံတောင်(မို့ဘွမ်)တပ်စခန်းမှတပ်မတော်သား(၃)ဦးက လာရောက်ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့်

၂၈၊၉၊၁၂
(ဆင်မျိုးသစ်)
အခွင့်ရအရာရှိ
မိတ္တူကူးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
25 MAY 2012
၅၀၀ကျပ် K 500



မှို့ဘွမ်တပ်စခန်းတွင်ချုပ်နှောင်ထားရှိကြောင်း၊ သို့ဖြစ်၍ ရှေ့တော်သွင်းစာချွန်တော်အမိန့်ရလိုကြောင်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားသည်။

လျှောက်ထားသူဦးဒေါင်လွမ်းဘက်မှလျှောက်ထားလွှာနှင့်အတူ ဝန်ခံချက်၊ ကျမ်းကျိန်လွှာ စသည်တို့ကိုနည်းလမ်းတကျတင်သွင်းကြောင်းတွေ့ရသဖြင့် လျှောက်ထားခံရသူသို့ ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို မည်သည့်အတွက်ထုတ်မပေးသင့်ကြောင်း အကြောင်းပြရန်ဆင့်ဆိုခဲ့ရာ လျှောက်ထားခံရသူတာဝန်ခံအရာရှိဗိုလ်ကြီးဇေယျာအောင်ရုံးရှေ့ လာရောက်၍ စာချွန်တော်အမိန့်မထုတ်ဆင့်သင့်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြလျှောက်ထားသည်။

နှစ်ဖက်တင်ပြစေခဲ့ရာတွင် လျှောက်ထားသူဘက်မှလျှောက်ထားလွှာတွင် ဖော်ပြသည့်အတိုင်း ဒေါ်ဆွမ်လွတ်ရွှယ်ဂျားအား ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရကြောင်းကျမ်းကျိန် တင်ပြခဲ့သော်လည်း၊ လျှောက်ထားခံရသူ၏ကျမ်းကျိန်လွှာတွင် လျှောက်ထားသူ၏ဇနီးအား ခမရ-၃၂၁ တပ်ရင်းမှ ဖမ်းဆီးခေါ်ဆောင်ချုပ်နှောင်ထားခြင်းမရှိကြောင်းတင်ပြပြီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်ဗျူဟာအဖွဲ့(အခြေချ) မိုးမိတ်၊ စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲမိတ္တူကိုလည်း ပူးတွဲတင်ပြသည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အခြေချစစ်ဗျူဟာအဖွဲ့(မိုးမိတ်)၏ ၁၉-၁-၂၀၁၂ ရက်စွဲပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ခုံရုံးအမှုတွဲကိုလေ့လာရာ လျှောက်ထားသူတို့နေထိုင်သော မိုးမောက်မြို့နယ်၊ ခိုင်ဘန်ကျေးရွာသည် အဆိုပါနေ့ရက်များက ကေအိုင်အေတို့လှုပ်ရှားလွှမ်းမိုးသည့်ဒေသဖြစ်ကြောင်း၊ ဒေါ်ဆွမ်လွတ်ရွှယ်ဂျားဖမ်းဆီးခံခဲ့ရသည်ဆိုခြင်းနှင့် စပ်လျဉ်း၍ လွယ်ဂျယ်မြို့နယ်ခွဲအမျိုးသမီးရေးရာအသင်းအဖွဲ့၊ လွယ်ဂျယ်မြို့နယ်ခွဲရဲစခန်းနှင့် သက်ဆိုင်ရာတပ်ရင်းတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့လည်း တိုင်ကြားချက်တစ်စုံတစ်ရာမရှိခဲ့ကြောင်းနှင့် ဒေါ်ဆွမ်လွတ်ရွှယ်ဂျားအား ဖမ်းဆီးခေါ်ဆောင်ခဲ့သည့်ဖြစ်စဉ်မရှိခဲ့ကြောင်း ခုံရုံးအဖွဲ့က မေါ်ပေါက်သုံးသပ်ခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

ရှေ့တော်သွင်းစာချွန်တော်အမိန့်ဆိုသည်မှာ တစ်စုံတစ်ယောက်ကို ခိုင်လုံသောအကြောင်းမရှိဘဲ ဖမ်းဆီးချုပ်နှောင်ထားမှုမျိုးတွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူအားရုံးရှေ့သို့ တင်သွင်းစေရန်အတွက် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရခြင်းဖြစ်သည်။ စာချွန်တော်အမိန့်ထုတ်ဆင့်သင့်မသင့် ဆင်ခြင်သုံးသပ်ရာတွင် မူလမှုများစစ်ဆေးသကဲ့သို့ သက်သေခံချက်များ ရယူနိုင်ခြင်းမရှိဘဲ နှစ်ဘက်ကျမ်းကျိန်တင်ပြချက်များအပေါ်တွင်သာ ဆင်ခြင်သုံးသပ်ဆုံးဖြတ်ရသည်။ လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ ကျမ်းကျိန်တင်ပြချက်များအရ လျှောက်ထားသူ၏ဇနီးအား ခမရ-၃၂၁ တပ်ရင်းမှဖမ်းဆီးချုပ်နှောင်ထားသည်ဟုအထင်အရှားကောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
25 MAY 2012
၅၀၀ကျပ် K 500



ယူနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ ဤအခြေအနေတွင် လျှောက်ထားလွှာကို လက်ခံခွင့်ပြုနိုင်လိမ့်မည်မဟုတ်ပေ။

သို့ဖြစ်၍ [လျှောက်ထားသူ၏အထွေထွေလျှောက်လွှာကိုပလပ်လိုက်သည်။]

( မြင့်အောင် )
တရားသူကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၈၊၅၊၁၂
(ခင်မျိုးသစ်)
အဆင့်ရအရာရှိ
မိတ္တူကူးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်

(က) လျှောက်ထားသည့်ရက် ၂၈.၅.၁၂

(ခ) တွက်ချက်ထားသော ... ငွေကို ... လျှောက်သူသို့ အကြောင်းကြားသည့်ရက် ... ၂၈.၅.၁၂

(ဂ) အခငွေများ ... ပြီး ... အခွင့်ရ ... လျှောက်လွှာ ပြ ... ရက် ... ၂၈.၅.၁၂

(ဃ) မိတ္တူထုတ်ပေး ... သောရက် ၂၈.၅.၁၂

(င) လျှောက်သူသို့ မိတ္တူ ... ပေးသောရက် ၂၈.၅.၁၂

( ) ကျသင့်သည့်အခငွေ ... ၄၅၀၀/

... ချလံ ... အမှတ် ... ၁၁၈၄

စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူသည်။
တာဝန်ခံမိတ္တူ

၂၈၊၅၊၁၂
(ဇင်မျိုးသစ်)
အခွင့်ရအရာရှိ
မိတ္တူကူးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်